# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 27, 2019 Volume 23, Number 20


**၂၇.၉.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၀၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၅၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၂/- ကျပ် |
| CBM Rate | = ၁၅၃၂.၀ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၂.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၈.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၀.၆၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၉.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၅.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၆၃၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၇၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၇၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၀၀၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## မြန်မာ့ဆန်နှင့်ပဲမျိုးစုံ အစ္စရေးသို့တင်ပို့မည်

မြန်မာ့ဆန်နှင့်ပဲမျိုးစုံကို အစ္စရေးနိုင်ငံသို့ ယခုနှစ်အတွင်းတရားဝင်တင်ပို့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က စက်တင်ဘာ ၂၅ ရက်က မြန်မာတိုင်းမ်နေ့စဉ်သို့ပြောဆိုသည်။ အစ္စရေး နိုင်ငံကို တင်ပို့ဖို့ ဈေးကွက်ရှာဖွေရေးနဲ့ အသင်းကတစ်ဆင့် ကမ်းလှမ်းတာတွေရှိပါ တယ်။ ဆန်စပါးလည်းရှိသလို ပဲမျိုးစုံ ကမ်းလှမ်းနေတာရှိပါတယ်။ ကျွန်တော်တို့ ညှိနှိုင်းနေတာ ရှိပါ တယ်။ မကြာခင် အစ္စရေးကအဖွဲ့ တစ်ဖွဲ့ အောက်တိုဘာလဆန်းမှာ လာပြီးတော့ ကျွန်တော်တို့နဲ့ဆွေးနွေးပြီး နှစ်ဖက်စိုက်ပျိုးရေးသီးနှံ ထွက်ကုန် ပူးပေါင်းဆောင်ရွက်နိုင်အောင် စီစဉ်နေတဲ့အနေအထားရှိပါ တယ်။ တင်ပို့ဖို့ ဒီနှစ်ထဲမှာဖြစ်နိုင်ပါတယ်။ဈေးနှုန်းတွေနဲ့ လိုအပ်ချက်တွေကို ကမ်းလှမ်းထားပြီးသားပါ။ ဆန်ဆိုရင် ပေါ်ဆန်းမွှေးတို့လိုမျိုး၊ ပဲမျိုးစုံ၊ သီးနှံတွေလည်း သူတို့လိုအပ်ပါတယ်ဟု ၎င်းကပြောဆို သည်။ ယင်းသို့တင်ပို့ရာတွင် အစ္စရေးနိုင်ငံ၏ လိုအပ်ချက်နှင့်အညီ ပူးပေါင်းဖြည့်ဆည်း တင်ပို့ပေးမည်ဖြစ်ကြောင်း သိရသည်။



လွန်ခဲ့သည့် ၂၀၁၄ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံဆိုင်ရာအစ္စရေးသံရုံးက မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းသို့ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် နည်းပညာများကို ပံ့ပိုးကူညီလျက်ရှိပြီး အစ္စရေးနိုင်ငံသို့ စိုက်ပျိုးရေးသင်တန်းအတွက် အသင်းသား ၄၀ ခန့်စေလွှတ်ခဲ့ပြီးဖြစ်သည်။

မြန်မာ့ပဲမျိုးစုံကို အိန္ဒိယနိုင်ငံသို့တင်ပို့နေရာမှ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်မှစတင်ပြီး အိန္ဒိယနိုင်ငံအနေဖြင့် ပြည်ပမှပဲတင်သွင်းမှု ကန့်သတ်လိုက်သည့်အတွက် မြန်မာပဲစိုက်တောင်သူများ အခက်အခဲများစွာဖြင့် ကြုံတွေ့ခဲ့ရပြီးနောက် အိန္ဒိယနိုင်ငံက ကိုတာစနစ်ဖြင့် ပဲများပြန်လည်တင်သွင်းဝယ်ယူခဲ့ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/128923.html

## ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့်ထိုင်းနိုင်ငံများပါဝင်သော CLMVT ဒေသအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်အသစ် ( a new Global Value Chain) ဖြစ်ပေါ်လာစေရေး

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံများပါဝင်သော CLMVT ဒေသအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်အသစ် ( a new Global Value Chain) ဖြစ်ပေါ်လာစေရေး၊ စီးပွားရေးဒေသအသစ်အဖြစ် ဝင်ဆံ့နိုင်စေရေးနှင့် ကမ္ဘာ့စီးပွားရေး မသေမခြာမှုများမှ ရှောင်လွဲနိုင်ရေးတို့အတွက် မြင့်တင်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းနှိုးဆော်လျှက်ရှိ ကြောင်း၊ ယမန်နေ့က Mukdahan ပြည်နယ်၌ ကျင်းပခဲ့သော CLMVT စီးပွားရေးဖိုရမ်တွင် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး Mr Jurin Laksanavisit က ပြောကြားခဲ့ခြင်းဖြစ်ပါသည်။ ၎င်းက ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှာ လယ်ယာထွက်ကုန်ကုန်ကြမ်းပစ္စည်းများပေါကြွယ်ဝပြီး ဖွံ့ဖြိုးပြီးနိုင်ငံများမှ အကောက်ခွန်ဆိုင်ရာ အထူးအခွင့်အရေးပေးမှုစနစ်ဖြစ်သော gerneralised System of Preferences (GSP) အခွင့်အရေးလည်းရရှိထားကြောင်း၊ ၎င်းအခွင့်အရေးက အဆိုပါနိုင်ငံ(၄)နိုင်ငံအား ဒေသတွင်း၌ ကောင်းမွန်ပြည့်စုံသည့် ထုတ်လုပ်မှုအချက်အချာဗဟိုချက်ဖြစ်လာစေပြီး ထိုင်းနိုင်ငံ၌ အဆိုပါ ထုတ်ကုန်ကုန်ကြမ်းများအား ပြုပြင်ထုတ်လုပ်ရေးအတွက် အထောက်အပံ့ကိုဖြစ်စေကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ သို့ရာတွင် ဒေသတွင်းစားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ စံချိန်စံညွှန်းများ၊ အရည်အသွေး စစ်ဆေးရေးကိစ္စများ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးဆိုင်ရာများနှင့် ဒီဂျစ်တယ်နည်းပညာဆိုင်ရာဖိအားများ တိုးပွားလာခြင်းတို့အပါအဝင် တင်းကြပ်သော ကုန်သွယ်မှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ရင်ဆိုင်တွေ့ကြုံနေရပြီး ထုတ်လုပ်မှုနှင့်တန်ဖိုးမြင့်ထုတ်ကုန် ကဏ္ဍတို့အတွက် အကန့်အသတ်များရှိနေဆဲဖြစ်ကြောင်း၊ ဒေသအနေဖြင့် တန်ဖိုးမြင့်ကွင်းဆက်အထိ မြင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာအဆင့်အထိ ကျယ်ပြန့်စွာချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်လျှက်ရှိကြောင်း Mr Jurin ကပြောကြားခဲ့ပါသည်။ ၎င်းက ထိုင်းနိုင်ငံနှင့် CLMV နိုင်ငံများ ပါဝင်သောနိုင်ငံ (၅)နိုင်ငံလုံးရှိ ပုဂ္ဂလိကနှင့် အများပြည်သူတို့အား ပေါင်းစည်းဖွဲ့စည်းကြရန်နှင့် အထူးသဖြင့် နယ်စပ်ကုန်သွယ်ရေးနှင့် တစ်ဆင့်ဖြတ်သန်း ကုန်သွယ်ရေးတို့အပါအဝင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ ချဲ့ထွင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။ CLMV နိုင်ငံများရှိ စီးပွားရေးလုပ်ငန်းရှင်များအနေနှင့် ၎င်းတို့၏ထုတ်လုပ်မှုလုပ်ငန်းများအား အဆင့်မြှင့်တင်ခြင်း၊ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခြင်းများ ပြုလုပ်သင့်ကြောင်းနှင့် ဝန်ဆောင်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သင့်ကြောင်း၊ အထူးသဖြင့် သယ်ယူ ပို့ဆောင်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် လက်လီလက်ကားနှင့်ဘဏ္ဍာရေးဝန်ဆောင်မှုတို့ဖြစ်ကြောင်းသိရှိရပါသည်။ နိုင်ငံခြားကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Adul Chotinisakorn က တရုတ်-အမေရိကန်ကုန်သွယ်ရေး တင်းမာနေချိန်တွင် ဒေသတွင်းနိုင်ငံများအနေဖြင့် မိမိတို့၏ထုတ်ကုန်နှင့်ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးကို အဆင့်မြှင့်တင် ဆောင်ရွက်ပြီး ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ဖြည့်ဆည်းရေး ကွန်ယက်နှင့်ချိတ်ဆက်ဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံခြားကုန်သွယ်မှုဌာန၏ စာရင်းဇယားများအရ ယခုနှစ်ပထမ(၇)လအတွင်း clmvt နိုင်ငံ(၅)နိုင်ငံ၏စုစုပေါင်း ကုန်သွယ်မှု ပမာဏမှာ နှစ်အလိုက်တွင် (၁.၇%)တိုးတက်ခဲ့ပြီး တန်ဖိုးအားဖြင့် ဘတ်ငွေ (၈၀၆)ဘီလီယံရှိကြောင်း သိရှိရပါသည်။ ၎င်းတွင် နယ်စပ်ကုန်သွယ်မှုမှာ (၅%)တိုးတက်ခဲ့ပြီး တန်ဖိုးအားဖြင့် ဘတ်ငွေ(၆၄၆) ဘီလီယံရှိကြောင်း၊ ကြီးမားသောဈေးကွက်များဖြစ်သည့်စင်္ကာပူ၊ ဗီယက်နမ်နှင့်တရုတ်ပြည်တောင်ပိုင်းတို့နှင့် တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုမှာ ယမန်နှစ်ကထက် (၆.၉%)တိုးတက်ခဲ့ပြီး တန်ဖိုးအားဖြင့် ဘတ်ငွေ(၁၆၀) ဘီလီယံရှိကြောင်းသိရှိရပါသည်။ တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုတွင် ကုန်ပစ္စည်းများအား တစ်နိုင်ငံထက်ပိုသောနိုင်ငံများကို ဖြတ်သန်းဆောင်ရွက်သည့် လုပ်ငန်းများပါဝင်နေပါသည်။

**Source: စီးပွားရေးသံမှူး-ထိုင်း**

## ပုပ္ပားက ထိုင်ဝမ်မာလကာ အရောင်းသွက်



ကျောက်ပန်း တောင်းမြို့နယ် ပုပ္ပားဒေသမှာစိုက်တဲ့ ထိုင်ဝမ်မာလကာခေါ် ခြောက်လမာလကာသီးတွေ လှိုင်လှိုင်ပေါ်နေ ရာ မြန်မာနိုင်ငံပြည်တွင်းဈေးကွက် သစ်သီးပွဲရုံနဲ့တောင်သူတွေ အရောင်းအဝယ်သွက်ပြီး ဝင်ငွေကောင်းနေပါတယ်။

ပုပ္ပားဒေသမှာ ဒေသမျိုးမာလကာတွေနေရာမှာ ကြီးမြန် လွယ်ပြီး အသီးကြီးတဲ့ အရည်အသွေးကောင်း ထိုင်ဝမ်သီးကို စိုက်ပျိုးကြ တယ်လို့ သိရပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင် မာလကာသီးပွဲရုံ တစ်ခုမှ ပိုင်ရှင်ဦးသက်နိုင်စိုးက ဒီတစ်ပတ်တော့ ခြံတွေအားလုံး ဆွတ်ခူးနေတဲ့အတွက် လှိုင်လှိုင်ပေါ်နေတာ၊ အရောင်းအဝယ်ကလဲ ရန်ကုန်အပြင် ညောင်ဦး၊ မြင်းခြံ၊တောင်သာ၊ နတ်မောက်၊ ရေနံချောင်း၊ ချောက်၊ ဆိပ်ဖြူ၊ စလင်းမြို့နယ် တွေမှာပါ အရောင်းသွက်တယ်၊ ဈေးကွက်မှာက လက်လီသမားတွေ ပြန်ရောင်းတာပါလို့ ပြောတယ်။

ထိုင်ဝမ်မာလကာကို ခြောက်လမာလကာလို့ခေါ်ကြသလို ကီလိုမာလကာလို့လည်း အမျိုးမျိုးခေါ်ကြပါတယ်။ စိုက်ပြီး ခြောက်လကနေ တစ်နှစ်အတွင်း အသီးတွေစတင်ဆွတ်ခူးနိုင်ပါတယ်။ တစ်နှစ်ကျော်အရွယ်မှာ အပင်အနေအထားပေါ်မူတည်ပြီး ခြံတစ်ခြံတစ်ရာသီမှာ ကျပ်သုံးသိန်းဝန်းကျင်ကနေ ခုနစ်သိန်းအထိ ဝင်ငွေရတယ်လို့သိရတယ်။

**Source:** https://www.kumudranews.com/news-35328?fbclid=IwAR0MXl0CSxebR2yksPX5wZ9BBWV2ibsyIWbZQTeApkNsCXtB_8hIoOwnkNI

## ပြည်ပသို့တင်ပို့မှုများနေ၍ ပြည်တွင်း၌ ဆန်ကွဲရှားပါးပြီး ဈေးမြင့်တက်

မြဝတီနယ်စပ်ကတစ်ဆင့် ထိုင်းနိုင်ငံသို့ ဆန်ကွဲတင်ပို့မှုများလာ၍ ပြည်တွင်းဈေးကွက်၌ ဆန်ကွဲပြတ်လပ်သည်အထိ ဖြစ်လာပြီး ဈေးနှုန်းမြင့်တက်လာကြောင်း ရန်ကုန်မြို့ ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်က သိရသည်။အဆိုပါ ကုန်စည်ဒိုင်အတွင်းရေးမှူး ဦးသန်းဦးက ဆန်ကွဲကလောလောဆယ် ပင်လယ်ရေကြောင်းကနေ သင်္ဘောနှစ်စင်းစာလောက် တင်ပို့နေတယ်။ ဝယ်ထားတာနဲ့ သင်္ဘောတင်မယ့် အရေအတွက်ကများနေတော့ လိုအပ်ချက်တွေရှိလာတယ်။ ဆန်ကွဲအမျိုးအစားဖြစ်တဲ့ ဘီ ၁၊ ၂ လို့ခေါ်တဲ့ အသန့်စတွေကို အဝယ်လိုက်တယ်။ ဒါ့အပြင် မြဝတီဘက်ကနေ တင်ပို့တာကလည်း ဝယ်နေတော့ ဝယ်လက်ကနှစ်ဦးဖြစ်နေတာပေါ့။ မြဝတီဘက်ကကျတော့ နယ်ဘက်တွေကနေကုန်တင်ကားတွေနဲ့ တိုက်ရိုက်သွားပြီး ရောင်းဝယ်နေကြတော့ ဈေးကွက်ထဲကို ဆန်ကွဲအရောက်နည်းလာတယ်။ ဒီတော့သင်္ဘောတင်သမားဘက်ကနေ စိုးရိမ်စိတ်ဖြစ်လာတာပေါ့။ ဆန်ကွဲကို သင်္ဘောတင်ဖို့ အရေးကြီးနေတော့ ဆန်ကွဲတစ်အိတ်ကို အရင်က ကျပ် ၁၅၀၀၀ကျော်ရှိတာကနေ ကျပ် ၁၆၇၀၀ လောက်ရှိလာတယ်ဟုပြောသည်။ ထိုင်းဘက်သို့ တင်ပို့ရာတွင် မြန်မာဘက်က တရားဝင်ခွင့်ပြုထားပြီးကုန်သွယ်ခွင့်နှင့်ပတ်သက်၍ မည်သည့်စည်းကမ်းမျှ တင်းကျပ်မှုမရှိသေးကြောင်း၊ သို့သော် ထိုင်းဘက်က တရားမဝင်ရော တရားဝင်ပါဝယ်ယူမှုများရှိနေကြောင်းသိရသည်။ နယ်စပ်ကုန်သွယ်ရေးမှာ တရုတ်နဲ့ အဆင်မပြေတဲ့အပေါ်မှာ ထိုင်းဘက်ကနေအဆင်ပြေအောင် လုပ်ထားတော့ ဆန်ကွဲ သမားတွေတော့အဆင်ပြေလာတာပေါ့။ သူတို့ဝယ်ယူတဲ့ပုံစံကလည်း ပြန်လည်တင်ပို့ကုန်စနစ်လိုမျိုးပဲဟု ဦးသန်းဦးက ဆက်လက်ပြောသည်။ ဝါးတန်းကုန်စည်ဒိုင်၏ တစ်ပတ်အတွင်း ဈေးနှုန်းများအရ ဆန်ကွဲအမျိုးအစားများဖြစ်သည့် ဘီ ၂၊ ၃၊ ၄ (၁၀၈)ပေါင်ရှိ တစ်အိတ်လျှင် ကျပ် ၁၄၀၀၀ မှ ကျပ် ၁၄၂၀၀၊ ဘီ ၁၊ ၂ တစ်အိတ်လျှင် ကျပ် ၁၅၂၀၀ မှ ကျပ် ၁၅၇၀၀ ကြား၊ ဘီ ၁ (အသန့်) တစ်အိတ်လျှင် ကျပ် ၁၆၀၀၀ မှ ကျပ် ၁၇၀၀၀ကြား အသီးသီးရှိနေသည်။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ဆန်စက်အသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက "လက်ရှိ မိုးစပါးသစ်မပေါ်သေးဘူး။ အခု စပါးအဟောင်းတွေ ထုတ်ရောင်းနေကြတယ်။ အခြေခံသီးထပ်ယဉ် ဆန်တစ်အိတ်ကို ကျပ် ၁၉၀၀၀ ကနေ ကျပ် ၂၂၀၀၀အထိ ရှိတယ်။ ဆန်ကွဲတစ်အိတ်ကို ရန်ကုန်အရောက်ဈေးက အရင်ကထက်စာရင် တစ်အိတ်ကို ကျပ် ၁၀၀၀ ကျော်လောက် ဈေးတက်ရရှိလာတယ်။ အခု ဧရာဝတီမှာ ဆန်ကွဲဈေးတွေမာနေတယ်။ စပါးကိုဝယ်ယူပြီး ကြိတ်ခွဲတာကနေ ဆန်ကွဲနဲ့ ဆန်အထွက်နှုန်းအလိုက် ဈေးကွက်အတွင်း ဝင်ရောက် တာပေါ့။ ဆန်ကွဲနဲ့ ဖွဲနုဈေးတွေတက်လာတော့ ဒါကနေ စပါးဈေးကျဆင်းနေတာကို ပြန်ပြီးတော့ မာလာအောင်အထောက်အကူပြုလာစေတယ်။ မြဝတီဘက်ကို ဆန်ကွဲသွားတာက အဆင်ပြေနေတော့ စက်ပိုင်၊ ကုန်သည်တွေအတွက် ကုန်ကြမ်းတော့ရှာရတာပေါ့ဟုပြောသည်။

လက်ရှိတွင် တရုတ်က စပါးအတိုင်းဝယ်ယူရန် ကမ်းလှမ်းထားပြီး ခွင့်ပြုလိုက်ပါက ကုန်ကြမ်းပစ္စည်းများဖြစ်သည့် ဆန်ကွဲ၊ ဖွဲနုများ၊ စပါးခွံများရရှိမှုနည်းလာပြီး ပြည်တွင်းရှိ မွေးမြူရေးလုပ်ငန်းများနှင့် အခြားလုပ်ငန်းသုံးများအတွက် ဆန်ကွဲရှားပါးသည့် ပြဿနာများကြုံတွေ့ရနိုင်ကြောင်းသိရသည်။ ဆန်ဈေးထက် ဆန်ကွဲဈေးကလှုပ်ခတ်လာတော့ ဆန်ကွဲကြိတ်ခွဲရင် ပိုထွက်လာစေမယ့် အရည်အသွေးနိမ့်စပါးတွေ ရွေးချယ်ဝယ်ယူလာကြတယ်။ ဆန်အထွက်နှုန်းကို ဦးစားမပေးဘဲ ဆန်ကွဲအထွက်နှုန်း ဦးစားပေးတာမျိုးပေါ့။ ကြိတ်ခွဲတဲ့နေရာမှာလည်း ဆန်ကွဲအထွက်များ လာအောင် လုပ်လို့ရတယ်။ မြဝတီဘက်ကနေ တစ်ပိုင်တစ်နိုင်ကုန်သည်တွေအဆွဲများတော့ ဆန်ကွဲကို ရသလောက် ဝယ်ယူချင်ကြလို့ ဆန်စက်ပိုင်ရှင်တွေနဲ့ ချိတ်ဆက်လာကြတယ်။ ဒါ့အပြင် ဆန်စက်ပိုင်ရှင်တွေကလည်း ဆန်ကွဲကို ကိုယ်ပိုင်ကားတွေနဲ့ သွားပြီးရောင်းချကြတယ်။ ကုန်သည်ချင်း ခင်မင်ရင်းနှီးရင်တော့ ကြိုတင်ငွေပေးပြီးတော့ ကြိတ်ခွဲမှုကနေ ကားတင်ပို့တဲ့ အစအဆုံး ကြိုတင်ဆောင်ရွက်လာကြတယ်။ ကျွန်တော်တို့ ကြားသိတာကနေ ထိုင်းက မြန်မာကနေ တစ်ဆင့်ဝယ်ပြီးရင် တရုတ်ကိုပြန်ပို့တယ်ကြားတယ်။ တစ်ဆင့်ခံလိုမျိုးပေါ့။ တရုတ်မှာ ဆန်ကွဲကို အရက်ချက်လုပ်တဲ့လုပ်ငန်းတွေမှာ အဓိကလိုအပ်ချက်မြင့်နေတာဖြစ်ပုံရတယ်။ ကျွန်တော်တို့ဘက်ကနေလည်း တရုတ်ကို နယ်စပ်ကနေ ပြန်လည်တင်ပို့နိုင်ဖို့ ကြိုးပမ်းနေကြပါတယ်ဟု မန္တလေးရှိ ဆန်စက်ပိုင်ရှင် ဦးငွေသော်ကပြောသည်။ တရုတ်နိုင်ငံသို့ မြန်မာ့ဆန်တင်ပို့ရေးစာချုပ်ကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအထိ သက်တမ်းတိုးမြှင့်ထားနိုင်ပြီ ဖြစ်သော်လည်း ဆန်ကွဲတင်ပို့နိုင်ရေးမှာ တရုတ်ကစိစစ်နေဆဲဖြစ်ကြောင်း၊ ပင်လယ်ရေကြောင်းက ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သိန်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများက ဆန်နှင့်ဆန်ကွဲတန်ချိန်နှစ်သိန်းခန့် တရုတ်သို့ တရားဝင်တင်ပို့နိုင်ရန် အဆိုပြု ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှသိရသည်။

လက်ရှိ ဘဏ္ဍာနှစ်အတွင်း ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လအထိ ဆန်ကွဲကို နိုင်ငံပေါင်း ၄၁ နိုင်ငံသို့ တန်ချိန်ငါးသိန်းကျော် တင်ပို့ပြီး၊ ကန်ဒေါ်လာ သန်း ၁၂၀ ကျော် ရရှိထားသည်။ မြန်မာ့ဆန်ကွဲကို နိုင်ငံပေါင်း ငါးနိုင်ငံသို့ အများဆုံးတင်ပို့နေပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၂၉၀၀၀၀ ကျော်၊ တန်ဖိုး ကန်ဒေါ်လာ ၅၅ သန်းကျော်၊ အင်ဒိုနီးရှားသို့ တန်ချိန် ၉၀၀၀၀ ကျော်၊ တန်ဖိုး ကန်ဒေါ်လာ ၂၅ သန်းကျော်၊ တရုတ်သို့ ပင်လယ်ရေကြောင်းက တန်ချိန် ၂၅၀၀၀ ကျော်၊ တန်ဖိုး ကန်ဒေါ်လာ ခြောက်သန်းကျော်၊ နယ်သာလန်သို့ တန်ချိန် ၂၄၀၀၀ကျော်၊ တန်ဖိုးကန်ဒေါ်လာ ခြောက်သန်းကျော်နှင့် ယူကေသို့ တန်ချိန် ၂၂၀၀၀ ကျော်၊ ကန်ဒေါ်လာ ငါးသန်းကျော် အသီးသီး တင်ပို့ရရှိထားသည်။ ထို့ပြင်ဆန်ကွဲကို အီးယူနိုင်ငံများ၊ အာဖရိကနိုင်ငံများနှင့် အခြားဈေးကွက်ရှိနိုင်ငံများသို့ တင်ပို့နေသည်။

**Source:** https://www.facebook.com/sitepyo/posts/2431900763761589?__tn__=K-R

## သစ်သီးဝလံများ တရုတ်နိုင်ငံသို့ နယ်စပ်မှတင်ပို့ရာတွင် အခက်အခဲရှိသည့်အတွက် ပင်လယ်ရေကြောင်းမှ တင်ပို့နိုင်ရန် ကြိုးပမ်းနေဟုဆို



မြန်မာနိုင်ငံမှစိုက်ပျိုးထွက်ရှိသည့် သစ်သီးဝလံများ တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်မှုမှ တစ်ဆင့်တင်ပို့ရာတွင် အခက်အခဲရှိသည့်အတွက် ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းများ (ပင်လယ်ရေကြောင်းကုန်သွယ်မှု) ရရှိနိုင်ရန် ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP) အတွင်းရေးမှူး ဦးကျော်သူက စက်တင်ဘာလ ၂၆ ရက်နေ့၊ ရန်ကုန်မြို့ရှိ Rose Garden Hotel တွင် ကျင်းပသည့် The 6 th International Exhibition & Conference on Livestock, Aquaculture and Agriculture industry အခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ လက်ရှိမှာ တရုတ်နဲ့ ကုန်သွယ်တဲ့နေရာမှာ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်း မူဆယ်ဂိတ်တစ်ခုတည်းကနေသာ တင်ပို့နေရပြီး၊ အခု မငြိမ်သက်မှုတွေရှိတဲ့အတွက် လမ်းပိတ်တာတွေရှိတာကြောင့် အချိန်မီမရောက်ရင် သီးနှံတွေကပျက်စီးတဲ့အတွက် တစ်ခြား တစ်ဖက်ကနေ တင်ပို့နိုင်မယ့်အခွင့်အလမ်းတွေကို ကျွန်တော်တို့ကြိုးစားနေပါတယ်ဟု ဦးကျော်သူကပြောသည်။

သစ်သီးဝလံများတင်ပို့ရာတွင် အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံဘက်မှလည်း AQSIQ စာရင်းတွင် သီးနှံ ၈ မျိုးသာ တရားဝင်တင်ပို့ခွင့်ရရှိသည့်အတွက် တစ်ခြားသောသီးနှံများ တင်ပို့နိုင်ရန်အတွက်လည်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ MFVP တို့ ပူးပေါင်းဆောင်ရွက်နေကြောင်းသိရသည်။ သစ်သီးဝလံများမှာ လတ်ဆတ်တဲ့

အချိန်မှာ အလျင်အမြန်ရောင်းချရတဲ့အတွက် အချိန်အကန့်အသတ်ရှိတယ်။ ရောင်းမယ်လို့ ရွေးချယ်ရတဲ့နိုင်ငံတွေ အကန့်အသတ်ရှိပြီး အရမ်းအလှမ်းဝေးတဲ့ နိုင်ငံတွေကို ရောင်းချနိုင်ဖို့က အတော်စဉ်းစားရပါတယ်။ ဒီတော့ တန်ဖိုးမြှင့် ထုတ်ကုန်အတွက်ကလည်း နည်းပညာ၊ ငွေကြေးအခက်အခဲတွေရှိနေသေးတယ်ဟု ၎င်းကဆက်လက်ပြောသည်။ ပြည်ပနိုင်ငံများသို့ သစ်သီးဖလံတင်ပို့မှုမှာ နှစ်စဉ် အမေရိကန်ဒေါ်လာသန်း ၁၅၀ ဝန်းကျင်သာရရှိပြီး၊ တစ်ခြားသော အိမ်နီးချင်းနိုင်ငံများ၏ စိုက်ပျိုးထုတ်လုပ်တင်ပို့နေသည့် နှုန်းထားများနှင့်နှိုင်းယှဉ်လျှင် နည်းပါးနေသေးကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2462273007191514?__tn__=K-R

## အခြေခံစပါးဈေးကို လာမည့်နှစ်များတွင် ဖွန်လအတွင်း သတ်မှတ်ထုတ်ပြန်ပေးရန် တင်ပြထားဟုဆို

ယခုနှစ် စပါးဈေးသတ်မှတ်မည့်အချိန်သည် စပါးပေါ်ချိန်နှင့် နီးကပ်သွားသဖြင့် နောင်နှစ်များတွင် ဖွန်လအတွင်း သတ်မှတ်ထုတ်ပြန်ရန် ဦးဆောင်ကော်မတီထံတင်ပြထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးက ပြောကြားသည်။ လက်ရှိတွင် ယခုနှစ်အခြေခံစပါးဈေးကို အောက်တိုဘာ ၁၅ ရက် မတိုင်မီ ထုတ်ပြန်ပေးရန် ဦးဆောင်ကော်မတီထံတင်ပြထားသည်ဟုဆိုသည်။ တင်ပြခဲ့သော အဆိုပြုဈေးနှုန်းနှင့်ပတ်သက်၍ ဦးဆောင်ကော်မတီက မထုတ်ပြန်မီကာလအတွင်း ထုတ်ဖော်အသိပေးရန်မရှိသော်လည်း မည်ကဲ့သို့ ဆွေးနွေးအတည်ပြုဆုံးဖြတ်ခဲ့သည်ကို နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အများပြည်သူသို့ အသိပေးရန်ရှိသည်ဟု ဦးအောင်ထူးကပြောသည်။ ဒီလိုသတ်မှတ်ခဲ့တာကို အများပြည်သူသိအောင်လည်း ကြေညာပြီးပြီဆိုရင် ကျွန်တော်တို့လုပ်ငန်းစဉ်ကို ဘယ်လိုလုပ်ခဲ့တယ်ဆိုတာကိုလည်း MRTV လိုမျိုးမှာ အင်တာဗျူးလုပ်ပြီးတော့ ရှင်းလင်းပြောကြားသွားဖို့လည်း ဆုံးဖြတ်ခဲ့ပါတယ်ဟု ဦးအောင်ထူးကပြောသည်။

ဦးဆောင်ကော်မတီထံ တင်ပြခဲ့သော ဈေးနှုန်းအဆိုပြုချက်ကိုလည်း တောင်သူများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်အပေါ် အခြေခံ၍ အသေးစိတ်တွက်ချက်ပြီး သတ်မှတ်ခြင်းဖြစ်သည့်အတွက် သင့်လျော်သောဈေးနှုန်းဖြစ်မည်ဟု ဦးအောင်ထူးက ဖြည့်စွက်ပြောကြားသည်။ ဒါက တောင်သူလယ်သမားကြီးတွေကိုလည်းမေးတယ်။ နောက်လွှတ်တော်ကိုယ်စားလှယ်တွေကိုလည်း မေးတဲ့အခါမှာ ဒါဟာသင့်တင့်မျှတဲ့ ဈေးနှုန်းလို့ပြောပါတယ်။ ဒါပေမဲ့ကျေနပ်မှုရှိနိုင်လား၊ မရှိနိုင်လားဆိုတာကတော့ တစ်ဦးချင်းအပေါ်မှာလည်း မူတည်ပါတယ်ဟု ဦးအောင်ထူးက ဆက်လက်ပြောကြားသည်။

**Source:** https://7daydaily.com/story/167131

## အမေရိကန်ဒေါ်လာ သန်း ၇၀ ရင်းနှီးမြှုပ်နှံထားပြီး Chang ဘီယာကို ပုံစံငါးမျိုးဖြင့် မြန်မာနိုင်ငံတစ်ဝန်းသို့ ထုတ်လုပ်ဖြန့်ချိမည့် F & N ၏ Chang ဘီယာချက်စက်ရုံ ပြည်တွင်း၌ စတင်လည်ပတ်



အမေရိကန်ဒေါ်လာသန်း ၇၀ ရင်းနှီးမြှုပ်နှံထားပြီး Chang ဘီယာကို ပုံစံငါးမျိုးဖြင့် မြန်မာနိုင်ငံတစ်ဝန်းသို့ ထုတ်လုပ်ဖြန့်ချိမည့် F & N ၏ Chang ဘီယာချက်စက်ရုံ ပြည်တွင်း၌ စတင်လည်ပတ်နေပြီဖြစ်ကြောင်း စက်တင်ဘာ ၂၆ ရက်တွင် သိရသည်။ “ကျွန်တော်တို့ F & N အနေနဲ့ ဒီဘီယာချက်စက်ရုံကြီးတည်ဆောက်ပြီး စီးပွားရေးလုပ်ငန်းတွေ အမြန်ဆုံးစတင်လည်ပတ်နိုင်ဖို့ ကြိုးစားခဲ့ကြပါတယ်။ နှစ်ပေါင်း ၂၀ ကျော်ကြာ မြန်မာနိုင်ငံမှာ လုပ်ကိုင်ခဲ့တဲ့ အတွေ့အကြုံတွေက ကျွန်တော်တို့ရဲ့ လုပ်ငန်းသစ် တိုးတက်အောင်မြင်စေဖို့ ခွန်အားတွေဖြစ်စေလိမ့်မယ်လို့ ယုံကြည်ထားပါတယ်” F & N Board Executive Committee ၏ ဥက္ကဋ္ဌ Mr. Koh Poh Tiong က ပြောကြားသည်။

Fraser and Neave, Limited (F & N) သည် မြန်မာနိုင်ငံ၌ အမေရိကန်ဒေါ်လာသန်း ၇၀ ရင်းနှီးမြှုပ်နှံထားပြီး တစ်နှစ်အကြာတွင် Emerald Brewery Myanmar Limited (“Emerald Brewery”) ၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ချက်များ စတင်ခြင်း အထိမ်းအမှတ်ဂုဏ်ပြုပွဲ အခမ်းအနားတစ်ခုကို စက်တင်ဘာ ၂၅ ရက်တွင် ကျင်းပခဲ့ပြီး Emerald Brewery

Myanmar Limited ၏ Chang Beer စက်ရုံအား ရန်ကုန်တိုင်းလှည်းကူးမြို့နယ်တွင် တည်ဆောက်ထားကြောင်းသိရသည်။ ထို့ပြင် F & N သည် Emerald Brewery မှတစ်ဆင့် ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ ဒေသတွင်းဝန်ထမ်းများ အလုပ်ခန့်အပ်ရေး၊ ပြည်တွင်းဖြန့်ချိရောင်းချသူများနှင့် လက်တွဲလုပ်ကိုင်ရေးအပါအဝင် လူမှုဝန်းကျင်တိုးတက်အောင် ပံ့ပိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားတိုးတက်အောင်မြင်ရေးတွင် ပါဝင်ကူညီပံ့ပိုးသွားမည်ဖြစ်သည့်အပြင် F & N ၏ ရင်းနှီးမတည်ငွေများဖြင့် တစ်နှစ်လျှင် ဘီယာ Hectolitres ပေါင်း (၅၀၀၀၀၀) ထုတ်လုပ်နိုင်သည့် ခေတ်မီစက်များ အသုံးပြုထားသော စက်ရုံတည်ဆောက်ခြင်း၊ အရောင်းနှင့်ဖြန့်ချိရေးလုပ်ငန်းစဉ်များ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နိုင်ခြင်းတို့အပြင် အရောင်းမြှင့်တင်ရေးအစီအစဉ်များနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အသုံးပြုသွားမည်ဖြစ်သည်။ စက်ရုံတည်ဆောက်လုပ်ငန်းခွင်မှာ လုပ်သားပေါင်း ၁၀၀၀ နီးပါးနဲ့ ကုမ္ပဏီရဲ့လုပ်ငန်းတွေ လည်ပတ်ဖို့ဆောင်ရွက်ရာမှာ အချိန်ပြည့်ဝန်ထမ်းပေါင်း ၁၇၀ ကျော် ခန့်အပ်နိုင်ခဲ့တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ခဲ့တဲ့အပေါ် အထူးပဲဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ လာမယ့်ငါးနှစ်အတွင်း Emerald Brewery ရဲ့ စီးပွားရေးလုပ်ငန်းကြီးတစ်ခုလုံးကနေ ထောင်ပေါင်းများစွာသော အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်မှာပါဟု Mr. Koh က ဆိုသည်။

Emerald Brewery ၏ လုပ်ငန်းများအား ရေရှည်ခိုင်မြဲတည်တံ့ခြင်းနှင့် တီထွင်ဖန်တီးခြင်းတို့ကို လုပ်ငန်းလုပ်ဆောင်သည့် ကဏ္ဍများတွင် အခြေပြုထည့်သွင်းကာ ဘီယာစက်ပစ္စည်းထုတ်လုပ်သော လုပ်ငန်းနယ်ပယ်တွင် ဦးဆောင်ကုမ္ပဏီဖြစ်သော Krones မှထုတ်လုပ်သည့် ထိရောက်သော စွမ်းအင်ချွေတာစနစ်များပါဝင်သည့် ခေတ်မီစက်သစ်ကြီးများဖြင့် လည်ပတ်လုပ်ဆောင်နေသည်။ ခေတ်မီဆန်းသစ်သည့် နည်းပညာအတွက် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် စက်ရုံတွင် ရေ၊ လျှပ်စစ်ဓာတ်အား အကျိုးထိရောက်ခြင်းနှင့် ထုတ်လုပ်မှုစွမ်းအား တိုးမြှင့်ခြင်းအတွက် အပူစွမ်းအင်ချွေတာခြင်းကဏ္ဍများတွင် အဆင်ပြေစွာ အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့ပြင် ဂျပန်နိုင်ငံမှ တီထွင်ထုတ်လုပ်သည့် Kubota Johkasou ၏ နောက်ဆုံးပေါ် စွန့်ပစ်ရေဆိုးသန့်စင်နည်းစနစ်ကို စက်ရုံတွင်တပ်ဆင်ထားပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ညွှန်ကြားချက်များနှင့်ကိုက်ညီစေရန် ရေဆိုးများအားသန့်စင်ထားသည်။ သန့်စင်ပြီးသည့် ၉၀ ရာခိုင်နှုန်းသော စွန့်ပစ်ရေများအား စက်ရုံရှိ ဥယျာဉ်ရေလောင်းခြင်းနှင့် စက်ရုံလည်ပတ်ရာတွင် စွမ်းအင်အဖြစ်ပြန်လည်အသုံးပြုရန်ရည်ရွယ်ထားသည်။ နောက်ပိုင်း စက်ရုံလည်ပတ်ခြင်းအတွက် ၃၀ ရာခိုင်နှုန်းသောစွမ်းအင်ကို နေရောင်ခြည်စွမ်းအင်မှ ရယူအသုံးပြုသွားမည်ဖြစ်သည်။ Emerald Brewery မှ Chang Lager Beer ကို သံဘူး 330 ML နှင့် 500 ML၊ ပုလင်း 320 ML နှင့် 620 ML တို့အပြင်30 Liter စည် အစရှိသည်ဖြင့် ထုပ်ပိုးမှုပုံစံငါးမျိုးဖြင့် ထုပ်ပိုးဖြန့်ချိသွားမည်ဖြစ်သည်။ ထို့ပြင် စက်ရုံမှလာမည့်နှစ်များတွင် ထုတ်လုပ်နိုင်မှုစွမ်းရည် တိုးချဲ့နိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်သည်။

**Source:** https://news-eleven.com/article/136935

## တရုတ်ရွှေများ နယ်စပ်မှတဆင့် မှောင်ခိုဝင်ရောက်နေ

ပြည်တွင်းသို့ နယ်စပ်မှတဆင့် တရုတ်ရွှေများ မှောင်ခိုဝင်ရောက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ရောဝတီသို့ပြောသည်။ လက်ရှိအချိန်တွင် ပြည်တွင်းရွှေထုတ်လုပ်သည့် လုပ်ကွက်များ ရပ်နားထားရခြင်းကြောင့် ရွှေကုန်ကြမ်းရှားပါးနေသဖြင့် တရုတ်ကိုးသုံးလုံးရွှေများ ပြည်တွင်းသို့ မှောင်ခိုဝင်နေကြောင်း ၎င်းက ဆိုသည်။ ဦးမျိုးမြင့်က ကျနော်တို့ဘက်က ကုန်ကြမ်းရှားတဲ့အခါကျတော့ မူဆယ်တို့၊ တာလီတို့၊ ကျိုင်းတုံတို့ဘက်ကနေ ရန်ကုန်၊ မန္တလေးဈေးကွက်တွေကိုဝင်တယ်။ ဒီရွှေတွေက မန္တလေးကနေပြီးတော့တမူး အဲဒီကနေ အိန္ဒိယဘက်လည်း ပြန်ထွက်တယ်။ တရားဝင်စာရွက်၊ စာတမ်းနဲ့ဝင်တာမဟုတ်ဘူး။ ရွှေလီဘက်မှာက အခွန်လွတ်ဆိုတော့ ဘဏ်တွေကနေ ရောင်းပေးတယ်။ ဒါကြောင့် တအားပေါတယ်ဟုပြောသည်။ တရုတ်ရွှေများသည် ပုံစံအမျိုးမျိုးနှင့် ရန်ကုန်ရွှေဈေးကွက်

အတွင်းသို့ဝင်ရောက်နေပြီး ရွှေဆိုင်များအနေနှင့် ပုံစံအမျိုးမျိုးသွန်းလောင်းခြင်း၊ လက်ဝတ်ရတနာပစ္စည်းများ ထုတ်လုပ်ခြင်းကို ပြန်လည်လုပ်ဆောင်ပြီး ရောင်းဝယ်ဖောက်ကားမှုပြုလုပ်ကြောင်း ၎င်းကဆိုသည်။ မြန်မာ့ရွှေနဲ့တော့ အရည်အသွေး မကွာခြားဘူး။ အကုန်လုပ်လို့ရတယ်။ ဒီဘက်ကတော့ ၉၉ ဒသမ ၉ ရာခိုင်နှုန်းမီအောင် မလုပ်နိုင်ဘူးပေါ့။ အဓိက ရွှေလိုနေတာက ဒီကစျေးနဲ့နယ်စပ်စျေးနဲ့က ကျပ် ၁ သိန်းခွဲလောက်ကွာတယ်။ အဲဒီတော့ ရန်ကုန်ကိုဝင်ပြီးရင် မန္တလေး၊ တမူး၊ ချင်း၊ ကလေးဝ၊ ဖလန်းဘက်ကနေ အိန္ဒိယပြန်ထွက်တာများတယ်ဟု ဦးမျိုးမြင့်ကရှင်းပြသည်။ ပြည်တွင်း၌ ရွှေတွင်းများတူးရန် ခက်ခဲနေခြင်းကြောင့်လည်း ရွှေကုန်ကြမ်းရှား၍ နယ်စပ်မှရွှေများဝင်လာခြင်းဖြစ်ပြီး လက်ရှိတွင် သဘာဝသယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) အစီရင်ခံစာ မပြီးသေးသဖြင့် သက်တမ်းတိုးရန် ရွှေလုပ်ကွက် ၈ဝ ရာခိုင်းနှုန်းခန့် တူး၍မရဘဲကျန်ရှိနေကြောင်း ၎င်းကဆိုသည်။



ရန်ကုန်ရွှေစျေးကွက်သည် တရက်လျှင် ရွှေပိသာချိန် ပျမ်းမျှ ၅ဝ အထိလိုအပ်ချက်ရှိပြီး မြို့တွင်း၌ ရွှေဆိုင်ပေါင်း ၁ သောင်း ကျော်အထိရှိကြောင်းသိရသည်။ သယံဇာတနှင့်သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးတင် ထွန်းဝင်းက လုပ်ကွက်တွေချထားပေးမှု နည်းတယ်ဆိုတာ အခု လောလောဆယ် ကျနော်တို့စက်မှုလုပ်ကွက်တွေကို ခွင့်ပြုပေးဖို့ စိစစ်နေတုန်းမို့ပါ။ အခုနောက်ပိုင်းလုပ်ကွက်နဲ့ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းမှုအစီရင်ခံမှုတွေ ဒါတွေရေးဆွဲတင်ပြပြီးမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ECG) က ကြည့်ပြီးမှသာ ခွင့်ပြုမယ့်အနေအထားဖြစ်တယ်။ ဒါကြောင့် အခုအချိန်က ခွင့်ပြုပေးမှုနည်းတာပါဟု ရောဝတီသို့ပြောသည်။ ယခု ၂ဝ၁၈-၂ဝ၁၉ ဘဏ္ဍာနှစ် ဩဂုတ်လကုန် အထိ ပဲခူး၊ မန္တလေး၊ စစ်ကိုင်း၊ ကချင်၊ ကရင်၊ မွန်၊ တနင်္သာရီနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်း၊ မြောက်ပိုင်းနှင့် တောင်ပိုင်းတို့မှ ရွှေ အောင်စ ၂၆၅ဝ ဒသမ ၅၈ဝ၁ ထုတ်လုပ်ထားကြောင်း သတ္တုတွင်းဝန်ကြီးဌာနစာရင်းများအရသိရသည်။ သတ္တုလုပ်ကွက်များ အနေနှင့် အကြီးစား ၁၄၆ ခု၊ အလတ်စား ၁၅ ခု၊ အသေးစား ၈၉၃ ခု၊ စမ်းသပ် ၁၃၈ ခုနှင့် လက်လုပ်လက်စား လုပ်ကွက် ၁၇ ခုရှိကြောင်း ဝန်ကြီးဌာန စာရင်းများတွင်ပါရှိသည်။

လက်ရှိတွင် ဒူဘိုင်းကုမ္ပဏီတခုက အာဖရိကမှရွှေများ မြန်မာနိုင်ငံသယ်ယူ၍ ရွှေသန့်စင်သည့်လုပ်ငန်းများလုပ်ကိုင်ပြီး ပြည်ပသို့ ပြန်လည်တင်ပို့ရန် ညှိနှိုင်းဆွေးနွေးမှုများရှိနေသည်ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်အသင်းမှသိရသည်။ ရွှေကုန်သည်ပွဲစားတဦးက ရွှေစျေးကွက်ကတော့ အခုအေးနေတယ်။ ကျရမယ့်အချိန်ရောက်နေပြီ။ ဟိုဘက်ရက်က ကျပ် ၂ သိန်းကျော်လောက်တက်ထားတော့ အခုကပြန်ကျနေတဲ့ရက်ဖြစ်တယ်။ ဒါပေမယ့် အတက်အကျက သိပ်မငြိမ်သေးဘူးဟု ပြောသည်။ စက်တင်ဘာလ ၂၆ ရက် ရွှေစျေးနှုန်းမှာ အကယ်ဒမီအခေါက်ရွှေ ၁ ကျပ်သား ၁၂ သိန်း ၃ သောင်းကျော်နှင့် ကမ္ဘာ့ ရွှေတအောင်စ အမေရိကန်ဒေါ်လာ ၁၅ဝ၇ ဒေါ်လာဖြစ်ပြီး၊ လက်ဝတ်ရတနာ ၁၅ ပဲရည်စျေးမှာ ၁ ကျပ်သားလျှင် ကျပ် ၁၁ သိန်း ၅ သောင်းကျော်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။

**Source:** https://burma.irrawaddy.com/business/2019/09/27/205033.html

## စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မည့် ဖွံ့ဖြိုးမှုအစီအစဉ်များညှိနှိုင်း



ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း BRI (Belt and Road Initiative) တွင် စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မည့် ဖွံ့ဖြိုးမှုအစီအစဉ်များရေးဆွဲရန် စက်တင်ဘာ ၂၃ ရက်တွင် နှစ်ဖက်အစိုးရကြား ညှိနှိုင်းမှု များ ပြုလုပ်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာနထံမှသိရသည်။ တရုတ်-မြန်မာနှစ်နိုင်ငံကြား စီးပွားရေးနှင့်ကုန်သွယ် ရေးပူးပေါင်းဆောင်ရွက်မည့် ငါးနှစ်ဖွံ့ဖြိုးမှု အစီအစဉ်ရေးဆွဲရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ဧပြီလကကျင်းပခဲ့သော ဒုတိယအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာဖိုရမ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၎င်းကို အကောင်အထည်ဖော်ရန် ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနတွင်ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးနှင့်

တရုတ်နိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနDepartmetn of Outward Investment and Economic Fooperation ၏ ညွှန်ကြားရေးမှူးချုပ် Mr Wang Shengwen တို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ ၂၀၂၀ ပြည့်နှစ်မှစ၍ နှစ်နိုင်ငံအကြား စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နယ်ပယ်များနှင့်စပ်လျဉ်း၍ နှစ်ဖက်ကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (၂၀၁၉-၂၀၃၀) ဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် ငါးနှစ်ဖွံ့ဖြိုးမှု အစီအစဉ်ရေးဆွဲရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မြန်မာအစိုးရနှင့်တရုတ်အစိုးရတို့အကြား စီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်များ ချုပ်ဆိုခြင်းများပါဝင်သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာလီခချန်းနှင့်တွေ့ဆုံမှုတွင် ရပ်ဝန်းနှင့်ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်ရေး မူဘောင်အောက်မှ မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၁၀၀,၀၀၀ ကို တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ခွဲတမ်း ဆက်လက်ပေးအပ်ရေးနှင့် မြန်မာနိုင်ငံက လယ်ယာထွက်ကုန်ပစ္စည်းများနှင့် မွေးမြူရေးထွက်ကုန်များ အနာဂတ်တွင် ပိုမိုဝယ်ယူနိုင် ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှုရရှိရေး၊ နှစ်နိုင်ငံကုန်သွယ်မှုပမာဏ တိုးမြှင့်နိုင်ရေးအတွက် နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများ ပပျောက်ရေး၊ လူကုန်ကူးမှု ကာကွယ်တားဆီးရေး အတွက် နှစ်ဖက်တာဝန်ရှိသူများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့သည်။ လက်ရှိမြန်မာအစိုးရက ကမ္ဘာ့နိုင်ငံပေါင်း ၆၀ ကျော်ပါဝင်မည့် ခေတ်သစ်ပိုးလမ်းမစီမံကိန်းတွင် ပါဝင်ရန် ဆုံးဖြတ်ခဲ့ပြီး ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ တစ်စိတ်တစ်ဒေသဖြစ်သည့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ (CMEC) ပူးပေါင်းအကောင်အထည်ဖော်ရေးကို နှစ်နိုင်ငံတာဝန်ရှိသူများ လက်မှတ်ရေးထိုးထားသည်။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိုပံ့ပိုးရန် နယ်စပ်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဇုန်များတည်ထောင်ရန်လည်း သဘောတူခဲ့ပြီးဖြစ်သည်။

တရုတ်အစိုးရ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် လမ်းကြောင်းဖြတ်သန်းရာ နိုင်ငံများ၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း ကြွေးမြီထောင်ချောက်ဖြစ်မည်ကို မြန်မာပြည်သူများက စိုးရိမ်ကြသည်။ အခြေခံအဆောက်အအုံ စီမံကိန်းကြီးများ အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ စွန့်စားရမှုများ၊ စိန်ခေါ်မှုများကို သတိပြုရမည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း ပေကျင်းတွင်ပြုလုပ်သော ဒုတိယ အကြိမ် BRI ဖိုရမ်တွင်ပြောခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/128883.html

## နေပြည်တော်ကျောက်မျက်ပြပွဲ ယူရိုသန်း ၅၁၀ ကျော်ရောင်းချခဲ့ရ

စက်တင်ဘာ ၁၆ ရက်နေ့မှ ၂၅ ရက်နေ့အထိ နေပြည်တော်တွင်ကျင်းပခဲ့သော ၂၀၁၉ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းနှင့်ကျောက်မျက်စုစုပေါင်း ယူရိုသန်း ၅၁၀ကျော်ဖိုးရောင်းချခဲ့ရကြောင်း ကျောက်စိမ်း/ကျောက်မျက်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမင်းသူကပြောကြားသည်။ ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၇၈၁၁ တွဲတင်ပြခဲ့ပြီး ၅၈၄၅ တွဲရောင်းချခဲ့ရသဖြင့် ယခင်ပြပွဲများကထက်ပင် ပိုမိုရောင်းချခဲ့ရကြောင်းသိရသည်။ ကျောက်စိမ်းအတွဲများအနက် ကြမ်းခင်းဈေးအမြင့်ဆုံးအဖြစ် ယူရို ၅ သန်းတင်ထားသော ကျောက်စိမ်းအတွဲမှာ ပြပွဲအတွင်း မရောင်းချခဲ့ရသော်လည်း ယူရို ၁၆ ဒသမ ၅ သန်းတန်ကျောက်စိမ်းအတွဲကိုမူ ရောင်းချခဲ့ရကြောင်းသိရသည်။ အမြင့်ဆုံးကတော့ ယူရို ၁၆ ဒသမ ၅ သန်းနဲ့ ရောင်းချခဲ့ရပါတယ်ဟု ၎င်းကပြောသည်။ အဆိုပါကျောက်စိမ်းတွဲကို တရုတ်ရတာနာကုန်သည်က ဝယ်ယူသွားခြင်းဖြစ်ကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။

ကျောက်စိမ်းအတွဲများရောင်းချရမှုအနေဖြင့် ရှေ့တွင်ကျင်းပခဲ့ပြီးဖြစ်သော ပြပွဲနှစ်ခုတွင် အတွဲပေါင်း ၅၂၀၀ ကျော်သာ ရောင်းချခဲ့ရသော်လည်း ယခုပြပွဲတွင်မူ အတွဲ ၅၈၀၀ ကျော်အထိရောင်းချခဲ့ရသည်။ ထို့ကြောင့် ရှေ့ပွဲများတွင် ယူရို ၄၂၃ သန်း ကျော်နှင့် ၄၇၄ သန်းကျော်သာ ရောင်းချခဲ့ရသော်လည်း ယခုပြပွဲတွင်မူ ယူရိုသန်း ၅၁၀ ကျော်အထိ ရောင်းချခဲ့ရသည်။

ယခုပြပွဲတွင် ကျောက်စိမ်းအတွဲများ ယခင်ပြပွဲများထက် ပိုမိုရောင်းချခဲ့ရသော်လည်း ကျောက်မျက်အတွဲများမှာမူ ယခင်ပြပွဲများနှင့်နှိုင်းယှဉ်လျှင် ရောင်းချရမှုနည်းသွားသည်ကိုတွေ့ရသည်။ ကျောက်မျက်ဥပဒေပြဌာန်းချိန် လုပ်ကွက်များရပ်ထားရသဖြင့် ကျောက်မျက်အသစ်ထွက်ရှိမှုနည်းခဲ့ပြီး ယခင်ပွဲလက်ကျန်ကျောက်မျက်များကိုသာ အများစုပြသရောင်းချရခြင်းဖြစ်သောကြောင့် ကျောက်မျက်ရောင်းချရမှုနည်းသွားခြင်းဖြစ်ကြောင်း ကျောက်မျက်လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးလှအောင်ကပြောသည်။ ဥပဒေသစ်ပြဌာန်းချိန်မှာ လုပ်ကွက်တွေရပ်ထားတဲ့အတွက် ကျောက်ထွက်ရှိမှုနည်းတယ်။ အသစ်ထွက်ရှိမှုနည်းလာတဲ့အတွက် ရောင်းအားလည်းကျတယ်ဟု ၎င်းကပြောကြားခဲ့သည်။ ကျောက်မျက်အသစ်ထွက်ရှိမှုနည်းသဖြင့် ယခင်ပြပွဲကျန်အများစုကိုသာ တင်ပြခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကျောက်မျက်ရောင်းချရမှုသည် ယခင်ပြပွဲများတွင် ယူရိုတစ်သန်းကျော်ဖြင့် ပုံမှန်ရောင်းချခဲ့ရသော်လည်း ယခုပြပွဲတွင်မူ ယူရို ဒသမ ၃၇ သန်းကျော်သာ ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ထားသည်။ ရောင်းချရသည့်တန်ဖိုးတွင် လျော့နည်းလာသကဲ့သို့ ရောင်းချရသည့်ကျောက်မျက် အတွဲအရေအတွက်လည်း နည်းခဲ့သည်ကိုတွေ့ရသည်။ ရှေ့တွင်ကျင်းပခဲ့ပြီးဖြစ်သော ပြပွဲနှစ်ခုတွင် ၆၉ တွဲစီ ရောင်းချခဲ့ရ သော်လည်း ယခုပြပွဲတွင်မူ အတွဲ ၄၀ သာရောင်းချခဲ့ရကြောင်းသိရသည်။

ယခုပြပွဲတွင် ကျောက်မျက်ရောင်းချရမှုနည်းခဲ့သော်လည်း တစ်ပွဲလုံးခြုံကြည့်လျှင်မူ ယခင်ပွဲများထက် ပိုမိုရောင်းချခဲ့ရသည်ဟုဆိုနိုင်ကြောင်း ဦးမင်းသူကပြောသည်။ တစ်ပွဲလုံးခြုံကြည့်ရင်တော့ ရောင်းချခဲ့ရတဲ့အနေအထားက ပိုကောင်းတယ်လို့ သုံးသပ်လို့ရပါတယ်"ဟုပြောသည်။ ယခုပြပွဲသို့ ပြည်တွင်းပြည်ပ ရတနာကုန်သည် ၅၀၄၉ ဦးလာရောက်ခဲ့ပြီး တရုတ်ပြည်မကြီးနှင့်ဟောင်ကောင်မှကုန်သည်များ၊ ထိုင်းနိုင်ငံမှကုန်သည်များက အများစုဝယ်ယူခဲ့ကြောင်းသိရသည်။

**Source: The Myanmar Times**

https://www.facebook.com/kope.aung

## ကုန်သွယ်မှုကန်ဒေါ်လာ ၃၄ ဘီလီယံဝန်းကျင်အထိရောက်ရှိပြီး စက်မှုပို့ကုန်အပိုင်းကတိုးတက်လာ

ကုန်သွယ်မှုကန်ဒေါ်လာ ၃၄ ဘီလီယံဝန်းကျင်အထိရောက်ရှိလာခဲ့ပြီလို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရသိရပါတယ်။ ဒါဟာယခင်နှစ်ကုန်သွယ်မှုနှင့်ယှဉ်ရင် ကန်ဒေါ်လာသန်း ၇၀၀ ကျော်သာ တိုးတက်မှုရှိလာတာလည်းဖြစ်ပြီး အများဆုံးတင်ပို့ခဲ့တဲ့ကဏ္ဍကတော့ စက်မှုကဏ္ဍနဲ့လယ်ယာထွက်ကုန်ဖြစ်ပြီး စက်မှုကယခင်နှစ်ထက် ကန်ဒေါ်လာသန်း ၁၇၀၀ ကျော်ပိုမိုတင်ပို့ခဲ့ပြီး လယ်ယာကလည်း ယခင်နှစ်ထက်ကန်ဒေါ်လာသန်း၃၅၀ ကျော်ပိုမိုကုန်သွယ်ခဲ့တာ တွေ့ရပါတယ်။ ကဏ္ဍအလိုက်ကုန်သွယ်မှုကိုကြည့်ရင် လယ်ယာထွက်ကုန်တင်ပို့မှုက လက်ရှိအချိန်အထိ ကန်ဒေါ်လာ ၃၁၃၁ သန်းကျော်၊ ရေထွက်နဲ့တိရိစ္ဆာန်ထွက်ကုန်ကန်ဒေါ်လာ သန်း ၁ ထောင်ကျော်၊ သတ္တုတွင်းထွက်မှ ကန်ဒေါ်လာ ၁၃၈၉ သန်းကျော်၊ သစ်တောထွက်ကုန်မှ ကန်ဒေါ်လာ ၁၆၆ သန်းကျော်၊ စက်မှုကုန်ချောတင်ပို့မှုက ကန်ဒေါ်လာ ၉၄၈၈ သန်းကျော်နဲ့ အခြားအမယ်စုံတင်ပို့မှုက ကန်ဒေါ်လာ ၇၄၉ သန်းကျော်အထိရှိပါတယ်။

သွင်းကုန်အပိုင်းမှာ ရင်းနှီးမြုပ်နှံမှုကဏ္ဍက ကန်ဒေါ်လာ ၅၄၅၅ သန်းကျော်၊လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှုက ကန်ဒေါ်လာ ၆၃၆၅ သန်း၊ လူသုံးကုန်ပစ္စည်းတင်သွင်းမှုက ကန်ဒေါ်လာ ၃၁၅၂ သန်းကျော်နဲ့ CMP အပိုင်းမှ ကန်ဒေါ်လာ ၂၂၄၅ သန်းကျော်တင်သွင်းထားပါတယ်။ မနှစ်ကနဲ့ယှဉ်ရင် အခုနှစ်သွင်းကုန်က ကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော် လျော့နည်းပါတယ်။ကုန်သွယ်မှုလိုငွေက အခုနှစ်မှာ ကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကျော်ရှိတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရသိရပါတယ်။

**Source:** SFJ Strategy First Journal

https://www.facebook.com/SFJWeekly/posts/2682587851828490?__tn__=K-R

## ဥရောပမှာ ဒီဇယ်ကားရောင်းချမှုကို ၂၀၂၁ မတိုင်မီရပ်ဆိုင်းဖို့ Honda ဆုံးဖြတ်

ဂျပန်ကားကုမ္ပဏီတစ်ခုဖြစ်တဲ့ Honda Motor Co Ltd ကတော့ လာမယ့် ၂၀၂၁ မတိုင်ခင် ဥရောပဒေသမှာ ယင်းရဲ့ ဒီဇယ်ကားအားလုံးရောင်းချမှုကို တစ်စတစ်စရပ်ဆိုင်းသွားမှာဖြစ်ကြောင်း ထုတ်ပြန်သွားပါတယ်။ဒါ့အပြင် လျှပ်စစ်မော်ဒယ်တွေဘက် ပိုမိုဦးစားပေးသွားမယ်လို့ဆိုပါတယ်။ အဆိုပါ ဂျပန်ကားကုမ္ပဏီအနေနဲ့ကတော့ ဥရောပဒေသမှာ ယင်းရဲ့ ကားအားလုံးကို ၂၀၂၅ မတိုင်ခင် လျှပ်စစ်မော်ဒယ်ဖြစ်အောင်လုပ်သွားမယ်လို့သိရပါတယ်။ Honda အတွက်ကတော့ ဒီဇယ်ကားတွေအတွက် ဝယ်လိုအားကျဆင်းမှု၊ တင်းကျပ်တဲ့အိတ်ဇောငွေ့ထုတ်လွှတ်မှု စည်းမျဉ်းတွေကြောင့် ဥရောပဒေသမှာ ယင်းရဲ့ထုတ်လုပ်မှုအလားအလာတွေအပေါ် ဖိအားတွေသက်ရောက်ထားစေလျက်ရှိပါတယ်။ ဒါ့အပြင် လာမယ့် ၂၀၂၁ မတိုင်ခင် တစ်ခုတည်းသော ဗြိတိန်ကားစက်ရုံကို ပိတ်သိမ်းမယ်လို့ Honda က ဖေဖော်ဝါရီလက ကြေညာထားခဲ့ပါတယ်။ ယင်း ပိတ်သိမ်းမှုကြောင့် အလုပ်အကိုင်နေရာ ၃၅၀၀လောက်ဆုံးရှုံးရဖို့ ရှိနေပါတယ်။

**Source:** https://japantoday.com/.../honda-to-cease-diesel-vehicle-sale...

SFJ Strategy First Journal

## Thura News Views

**New companies registration fees reduced**

New companies will now pay less to register in Myanmar. The Directorate of Investment and Company Administration (DICA) announced that registration fees will drop from MMK 250,000 to MMK 100,000 beginning October 1, whichis the start of the 2019-2020 fiscal year. With lower rates, the Myanmar government seeks to promote investment from small and medium enterprises (SMEs). It is also aimed to increase the number of incorporated businesses.

The new rates will apply to newly-incorporated private companies limited by guarantee, companies limited by shares, unlimited companies, private companies limited by shares under the Special Company Act 1950 and companies registering as an overseas corporation.

Paving the way for SME's has been a priority of the NLD government since it came to power in 2015. In 2017, registration fees dropped from MMK 1 million to MMK 500,000 when parliament passed the comprehensive update Companies Law. It also reformed Myanmar's official business landscape. Fees were sliced again to MMK 250,000 in 2018. DICA introduced online registrations in that same year.

Myanmar has long struggled with illegitimate businesses and investments. Beyond company registrations, the Myanmar government has taken other measures to incentivize businesses and investors to deal within official channels. For a recent example, in September parliament approved what is effectively a tax amnesty for previously un-declared assets. This is in an attempt to curtail under-the-table business deals and untaxed holdings. Tax rates for those sorts of assets dropped from 15-20 percent to as low as 3 percent.

**Singapore-Myanmar investment promotion signed**

Myanmar and Singapore signed an official agreement for the promotion and protection of investments between the two countries. U Thaung Tun, head of the Ministry of Investment and Foreign Economic Relations (MIFER) and Sin-gapore's Minister for Trade and Industry Chan Chun Sing signed the treaty.

"[The agreement] offers a fair and level playing field for both countries, for Myanmar's citizens and

Singapore's citizens," MIFER Permanent Secretary U Aung Naing Oo told The Irrawaddy.

In the agreement, the two countries promised to keep to international rules and regulations when settling disputes. They also agreed to ensure reliable and consistent transfer of investments and assets between the two countries. Finally, Myanmar and Singaporean officials expressed a desire to cooperate on development of business, banking and finance, aviation and other industries.

Singapore is currently Myanmar's largest foreign investor with more than USD 22 billion in projects. The value amounts to around 30 percent of all of Myanmar's foreign investment, according to official data.

The recent agreement follows similar treaties signed with 12 other countries. These include Philippines, Vietnam, China, Laos, Kuwait, Thailand, India, Japan, Indonesia, United States of America, Republic of Korea, and Israel, the Myanmar Times reported. The report also added that Hong Kong may be next on the list.

**Foreign investment reported to be on the rise**

After a downturn in 2018, foreign direct investment (FDI) is picking up for Myanmar. An analysis by the Institute of Chartered Accountants in England and Wales (ICAEW) forecasts higher FDI. Also, they forecast the Myanmar economy to expand at 6.4 percent, according to a Myanmar Times report.

FDI reached USD 5.6 billion in 2018, a 14 percent drop from the previous year. However, this year, the Myanmar Investment Commission reported a sharp upturn in investment. Especially, growth was seen in the transportation, communication and manufacturing sectors, the article said. The report identified infrastructure projects related to the China-Myanmar Economic Corridor as a major contributor to the inflow. One of the largest projects is a new railway linking Mandalay and Muse that will require USD 9 billion of investment.

However, the report warned that the country's longstanding tax-collection issues and its lackluster system for en-forcing contracts pose risks to Myanmar's business landscape. Furthermore, the ongoing humanitarian crisis in Rakhine State (which recently led the United Nations to call for a boycott of some of Myanmar's largest businesses) continues to threaten tourism, especially from the European Union. Nevertheless, Myanmar has enticed new in-vestments in hotels and aviation. Several domestic airlines have announced new routes. The Myanmar government has plans to expand and renovate several airports around the country.

**Indian airline launches new Yangon to Kolkata flight**

Indian airline IndiGo has launched its new Yangon to Kolkata direct route. The new route inaugural 2.5-hour journey was undertaken by a 180-seat Airbus A320. The direct connection aims to support both tourism and the journeys of tens of thousands of Hindu and Buddhist pilgrims that visit Kolkata and its surrounding holy sites each year.

U Khin Aung Tun, vice chair of the Myanmar Tourism Federation, praised the new route. He suggested it could be the beginning of a richer travel and tourism relationship between Myanmar and India. "The Myanmar Tourism Federation, together with our sister association, Myanmar Tourism Marketing, will fully support and coordinate with tourism stakeholders and the government to further develop our tourism

TIR

industry," The Myanmar Times quoted U Khin Aung Tun as saying. He added that the Myanmar Tourism Federation would hold road shows in the "near future" to entice more Indian tourists and tourism sector investors.

The new route is only one piece of a wave of new investments in air travel. In recent years Myanmar's aviation industry has struggled with low profits and accidents, and many local airlines have shuttered. However, more recently companies like IndiGo have begun to introduce new routes. One notable example is Golden Myanmar Airlines, which recently expanded its fleet of aircraft. The expanded route allows for more domestic flights. Likewise, the Myanmar government recently called for contractor bids for a massive expansion of the Dawei airport.

For now, IndiGo will bank on the double demographic of both leisure tourists and religious pilgrims. They expect that more flights will lead to more visitors.

**F&N re-enters Myanmar beer market**

Singapore-listed beverage firm Fraser and Neave (F&N) has launched its Myanmar subsidiary Emerald Brewery. The investment value of the deal is USD 70 million. The operations will produce Chang Lager Beer.

The brewing facility will be located in Hlegu Township, Yangon. Through Emerald Brewery, F&N will invest in local manufacturing, create employment opportunities, engage with local suppliers and distributors and support community investment programmes.

F&N's has received its capital investment to build a modern brewery with an annual beer production capacity of 500,000 hectolitres. The company will expand logistics including sales and distribution operations, in addition to driving marketing and people capabilities.

Emerald Brewery's facility will pack and distribute Chang Lager Beer in five formats – 330ml and 500ml cans, 320ml and 620ml bottles and 30-litre keg. An expansion in production capacity is expected to be accommodated in the coming years.

**Source: Thura Swiss News (Issue 384 September 26, 2019)**

## STOCK EXCHANGE (27.9.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 27th Sep. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 12,000 | 12,000 | 11,500 | 1,678 | 19,452,500 | 27,112,747 | 311,797 |
| MTSH | 00002 | 4,100 | -200 | -4.65% | 4,200 | 4,200 | 4,100 | 52,954 | 219,481,700 | 38,929,150 | 159,610 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 95 | 798,000 | 10,400,986 | 87,368 |
| FPB | 00004 | 26,000 | -500 | -1.89% | 26,500 | 26,500 | 26,000 | 143 | 3,760,000 | 2,472,053 | 64,273 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,050 | 3,050 | 3,000 | 423 | 1,270,900 | 12,823,224 | 38,470 |


## Market summary

As of 27th Sep. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 483.10 | -16.49 | -3.30% | 497.21 | 497.21 | 483.10 | 55,293 | 244,763,100 | 5 | 661,518 |

### Index chart




# Market Overview

As of 1:00 pm, 27th Sep. 2019

| | |
|---|---|
| MYANPIX-1 | 483.10<br>16.49 |
| Total Volume (shares) | 55,293 |
| Total Value (MMK) | 245 mil |
| Listed Company | 5 |
| Market Cap. (MMK) | 661,518 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | 500 |
| MTSH | 00002 | 4,100 | 200 |
| MCB | 00003 | 8,400 | 0 |
| FPB | 00004 | 26,000 | 500 |
| TMH | 00005 | 3,000 | 0 |